Myanmar Peace Monitor

# Weekly News Review

Issue 119, 23 - 29 August 2023

# တီမောလက်စ်တေ သို့မဟုတ် နွေဦးတော်လှန်ရေးအတွက် ဒီမိုကရေစီ မဟာမိတ်





# တီမောလက်စ်တေ
သို့မဟုတ်
# နွေဦးတော်လှန်ရေးအတွက် ဒီမိုကရေစီ မဟာမိတ်

နိုဒါန်း

တီမောလက်စ်တေ။ အရှေ့တီမောနိုင်ငံဟု မြန်မာပြည်သူအများစု သိမှတ်ထားကြသည်။ စစ်အာဏာသိမ်းမှုနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် မြန်မာပြည်သူလူထုဘက်တွင် အရှေ့တီမောအစိုးရက ရပ်တည်သည်။ နွေဦးတော်လှန်ရေးကာလ၊ အမျိုးသားညီညွတ်ရေးအစိုးရ(NUG)ကို အရှေ့တီမောအစိုးရက တခုတ်တရဆက်ဆံသည်။ စစ်အုပ်စု၏ စစ်အာဏာသိမ်းမှုကို ရှုတ်ချသည်။

ထို့ကြောင့် ရန်ကုန်မြို့ရှိ တီမောလက်စ်တေသံရုံးမှ သံရုံးယာယီတာဝန်ခံအား ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ ရက် မတိုင်မီ မြန်မာနိုင်ငံမှ ထွက်ခွာရန် အာဏာသိမ်းစစ်ကောင်စီ လက်အောက်ခံ နိုင်ငံခြားရေးဝန်ကြီးဌာနက အကြောင်းကြား ထုတ်ပြန်ခဲ့သည်။ နိုင်ငံတကာ အစိုးရများ၏ ဖယ်ကျဉ်ဖိအားပေးမှုများကို ကြီးမားစွာရင်ဆိုင်နေရသည့် အာဏာသိမ်း စစ်အုပ်စုက နိုင်ငံတကာအဝန်းအဝိုင်းကို သွေးတိုးစမ်းလိုက်ခြင်းဟုလည်း မှတ်ယူနိုင်သည်။

ယခုတစ်ပတ် BNI - Myanmar Peace Monitor ၏ အပတ်စဉ် သတင်းသုံးသပ်ချက်တွင် မြန်မာ့နွေဦးတော်လှန်ရေးကာလအတွင်း အရှေ့တီမောအစိုးရ၏ ဆောင်ရွက်ချက်များနှင့် မြန်မာပြည်သူလူထုဘက် ရပ်တည်အားပေးမှုများကို လေ့လာတင်ပြသွားပါမည်။

Myanmar Peace Monitor



## ဖြစ်စဉ်

၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၇ ရက်တွင် ဖြစ်သည်။ ရန်ကုန်မြို့ရှိ တီမောလက်စ်တေ သံရုံးမှ သံရုံးယာယီတာဝန်ခံအား မြန်မာနိုင်ငံအတွင်းမှ ထွက်ခွာရန် ဩဂုတ်လ ၂၅ ရက်တွင် အကြောင်းကြားခဲ့ကြောင်း စစ်ကောင်စီလက်အောက်ခံ နိုင်ငံခြားရေးဝန်ကြီး ဌာနက ထုတ်ပြန်သည်။ တီမောလက်စ်တေအစိုးရသည် ၎င်းတို့၏ ဆက်တိုက်သတိပေးမှု များအကြားမှ အမျိုးသားညီညွတ်ရေးအစိုးရ(NUG)ကို အားပေးအားမြှောက်ပြုကာ ထိတွေ့ဆက်ဆံမှုများ ပြုလုပ်နေသည်ဟုလည်း ထုတ်ပြန်ချက်က ဆိုပါသည်။

တီမောလက်စ်တေအစိုးရတော့ အာဏာသိမ်းစစ်အုပ်စု၏လုပ်ရပ်ကို ကန့်ကွက် ရှုတ်ချကြောင်း ထိုနေ့တွင်ပင် ကြေညာခဲ့ပြီး မြန်မာပြည်သူများနှင့်အတူ ဆက်လက် ရပ်တည်သွားမည့်အကြောင်း၊ အာဏာသိမ်းစစ်ကောင်စီအနေဖြင့် လူ့အခွင့်အရေးစံနှုန်း များကို လိုက်နာပြီး အကျပ်အတည်းဖြေရှင်းရေးအတွက် ငြိမ်းချမ်းစွာ အဖြေရှာရန် တိုက်တွန်းထားပါသည်။ [1]

ဒီမိုကရေစီ အခြေခံမူဝါဒများနှင့် စံနှုန်းများ၊ တရားဥပဒေစိုးမိုးမှုနှင့် လူသား ဂုဏ်သိက္ခာတို့ကို တန်ဖိုးထားသည့် တီမောလက်စတေနိုင်ငံ၏ ရပ်တည်ချက်သည် နိုင်ငံ တကာအသိုင်းအဝိုင်းမှ အစိုးရများအတွက်လည်း စံနမူနာထားသင့်သည့် ရပ်တည်ချက် ဖြစ်ကြောင်း ဩဂုတ်လ ၂၈ ရက်တွင် NUG ကထုတ်ပြန်ခဲ့သည်။[2] အာဏာသိမ်းစစ်အုပ်စု၏ ဖိအားပေးမှုအမျိုးမျိုးအကြားမှ မြန်မာပြည်သူလူထုဘက်တွင် ရပ်တည်ကြောင်း ပြသ ခဲ့သည့် တီမောလက်စ်တေအစိုးရ၏ ရပ်တည်ချက်ကို အစဉ်အမြဲအမှတ်ရနေမည်ဟုလည်း ဆိုပါသည်။

1 သံတမန် နှင်ထုတ်ခံရတဲ့အပေါ် အရှေ့တီမော ရှုတ်ချ http://rb.gy/hqdey

2 သတင်းထုတ်ပြန်ချက် (၁၆ / ၂၀၂၃) https://rb.gy/lnuoy

# တီမောလက်စ်တေနှင့် NUG

တီမောလက်စ်တေ(ခေါ်)အရှေ့တီမောနိုင်ငံသည် ချက်သမ္မတနိုင်ငံပြီးလျှင် NUG ကို တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုကာ ထိတွေ့ဆက်ဆံမှုများ ပြုလုပ်သည့် ဒုတိယမြောက်နိုင်ငံ ဖြစ်သည်။

၂၀၂၃ ခုနှစ် ဇူလိုင်လ ၁ ရက်၊ (၉)ကြိမ်မြောက်အရှေ့တီမောအစိုးရအဖွဲ့သစ် ကျမ်းသစ္စာကျိန်ဆိုပွဲကို တက်ရောက်ရန် နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် အရှေ့တီမော သမ္မတ ဂျို့စ်ရာမို့ဟော်တာ (Jose Ramos-Horta)က NUG ကို တရားဝင်ဖိတ်ကြားခဲ့သည်။ ဇူလိုင်လ ၁ ရက်မှ ၅ ရက်အထိ NUG နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင်နှင့် ကိုယ်စားလှယ်အဖွဲ့၏ အရှေ့တီမောခရီးစဉ်အတွင်း သမ္မတဟော်တာအပါအဝင် ဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးတို့ဖြင့် တွေ့ဆုံကာ နှစ်နိုင်ငံ ဆက်လက်ပူးပေါင်း ဆောင်ရွက်ရေးနှင့် နိုင်ငံရေးဆိုင်ရာသဘောတူညီချက်များအတွက်ဆွေးနွေးနိုင်ခဲ့ကြောင်း NUG ၏ နိုင်ငံခြားရေးဝန်ကြီးဌာနက ဇူလိုင် ၁၀ ရက်တွင် ထုတ်ပြန်ပါသည်။ [3]



3 နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင်၏ တီမောလက်စတေးနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက် http://rb.gy/c65is

"နွေဦးတော်လှန်ရေး၏ စစ်မျက်နှာအသီးသီးတွင် NUG ၏ နိုင်ငံတကာ သံခင်းတမန်ခင်း စစ်မျက်နှာသည် အာဏာသိမ်းစစ်အုပ်စုအား ကြီးမားစွာ ဖိအားပေးထား နိုင်သည်ဟု ဆိုရပါမည်။"

အရှေ့တီမောနိုင်ငံအနေဖြင့် စစ်အာဏာသိမ်းမှုအား တကြိမ်တခါမျှမကြုံတွေ့ရဖူး သော်လည်း ဒီမိုကရေစီယဉ်ကျေးမှုအား ကမ္ဘာကြီးကိုချပြကာ ဒီမိုကရေစီနည်းလမ်းတကျ လျှောက်လှမ်းသွားမည့်အကြောင်းနှင့် မြန်မာနိုင်ငံမှ စစ်အာဏာရှင်များအား အာဆီယံ အနေဖြင့် ဖိအားမပေးနိုင်သေးသရွေ့၊ မြန်မာ့အရေးအား အာဆီယံအနေဖြင့် မဖြေရှင်း နိုင်သေးသရွေ့ အာဆီယံအဖွဲ့ထဲ ဝင်ရောက်မည်မဟုတ်ကြောင်း ၂၀၂၃ ခုနှစ် ဩဂုတ်လ ၇ ရက်တွင် အရှေ့တီမောသမ္မတဟော်တာနှင့် ဝန်ကြီးချုပ် ဇာနာနာဂတ်စ်မိုတို့က ပြောဆို ခဲ့ပါသည်။ [4]

စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ချေမှုန်းရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးသို့ ဦးတည်ပြီး ဘက်ပေါင်းစုံမှ ဆန့်ကျင်တော်လှန်ဖိအားပေးနေသည့် နွေဦးတော်လှန်ရေး၏ စစ်မျက်နှာအသီးသီးတွင် NUG ၏ နိုင်ငံတကာသံခင်းတမန်ခင်း စစ်မျက်နှာသည် အာဏာသိမ်းစစ်အုပ်စုအား ကြီးမားစွာ ဖိအားပေးထားနိုင်သည်ဟု ဆိုရ ပါမည်။

ချက်သမ္မတနိုင်ငံ၊ ဩစတြေးလျ၊ ပြင်သစ်၊ ဂျပန်၊ ယူကေ၊ နော်ဝေ၊ တောင်ကိုရီးယား နှင့် အမေရိကန်နိုင်ငံတို့တွင် NUG ၏ ကိုယ်စားလှယ်ရုံးများဖွင့်လှစ်ကာ သက်ဆိုင်ရာ နိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများ၊ လွှတ်တော်တာဝန်ရှိသူများ၊ နိုင်ငံရေးအင်အားစု များနှင့် ထိတွေ့ဆက်ဆံလျက်ရှိသည်။ စစ်အာဏာသိမ်းမှုအား ကန့်ကွက်ရှုတ်ချပြီး ဒီမို ကရေစီအရေးအားပေးသော နိုင်ငံတကာအစိုးရများအနေဖြင့်လည်း မြန်မာနိုင်ငံအတွင်းမှ ၎င်းတို့၏ သံတမန်များကို အဆင့်လျှော့ချကာ စစ်အုပ်စုအား အသိအမှတ်မပြုကြောင်း ပြသခဲ့ကြသည်။

## သုံးသပ်တင်ပြချက်

မြန်မာနိုင်ငံအတွင်း စစ်အာဏာသိမ်းကာလ ၂ နှစ်ခွဲကျော် ကြာမြင့်လာသည်အထိ နိုင်ငံတကာအစိုးရအများစုသည် အာဏာသိမ်းစစ်အုပ်စုအားအသိအမှတ်မပြုဘဲ ဖယ်ကျဉ် ဖိအားပေးကာ မြန်မာပြည်သူလူထု၏ နွေဦးတော်လှန်ရေးနှင့်အတူ ရပ်တည်ကြောင်း ပြသ လျက်ရှိသည်။ တရုတ်၊ အိန္ဒိယ၊ ထိုင်း စသော အိမ်နီးချင်းနိုင်ငံများသည်ပင် အာဏာသိမ်း စစ်အုပ်စုအား အကျိုးစီးပွားအရ မကင်းရာမကင်းကြောင်းဆက်ဆံနေရသည့် အခြေ အနေတွင် ရှိပါသည်။

အာဏာသိမ်းစစ်အုပ်စုနှင့် စစ်အာဏာသိမ်းမှုအား ဆန့်ကျင်သော နွေဦးတော်လှန် ရေးအင်အားစုများအကြား အလေးသာမည့် အစုအဖွဲ့ကို စောင့်ကြည့်ကာ မြန်မာနိုင်ငံ အတွင်းမှ ၎င်းတို့၏ အကျိုးစီးပွားများကို ကာကွယ်နိုင်ရေးတွက်ချက်နေကြသည်။ နိုဘယ်

4 မြန်မာ့အရေးဖြေရှင်းမှ အရှေ့တီမော အာဆီယံအဖွဲ့ဝင်မည် http://rb.gy/btjf0

"တီမောလက်စ်တေနိုင်ငံသည် မြန်မာ့နွေဦးတော်လှန်ရေးအား အားပေးထောက်ခံလျက်ရှိသော နိုင်ငံတကာအစိုးရများအတွက် စံပြုဖွယ်ရာ ရပ်တည်ချက်ကို ပြသသွားပါသည်။"

ငြိမ်းချမ်းရေးဆုရှင် အရှေ့တီမောသမ္မတဂျို့စ်ရာမို့ဟော်တာနှင့် အရှေ့တီမောအစိုးရအဖွဲ့သည် ဒီမိုကရေစီယဉ်ကျေးမှုကို ဦးစားပေးရွေးချယ်ကာ လက်နက်အားကိုးဖြင့် တရားမဝင် စစ်အာဏာသိမ်းမှုအားရှုတ်ချပြီး မြန်မာ့နွေဦးတော်လှန်ရေး (ဝါ) လူထုတော်လှန်ရေးနှင့်အတူ ရပ်တည်ကြောင်း ပြသခဲ့သည်။

နိုင်ငံတကာ သံခင်းတမန်ခင်းတွင် အကြီးအကျယ်ကျရှုံးနေသည့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့၏ စစ်အာဏာသိမ်းကာလအတွင်း နိုင်ငံတနိုင်ငံ၊ အစိုးရတစ်ရပ်၏ သံရုံးတာဝန်ခံတစ်ဦးအား နှင်ထုတ်သည့်လုပ်ရပ်သည် နိုင်ငံတကာအဝန်းအဝိုင်းအား ပထမဦးဆုံးအကြိမ် သွေးတိုးစမ်းလိုက်ခြင်းဖြစ်သည်။ သို့သော် ဆိုခဲ့ပါ အာဏာသိမ်းစစ်အုပ်စု၏ အရှက်မဲ့လုပ်ရပ်အား ဆောဒကမတက်ဘဲ မြန်မာပြည်သူလူထုနှင့်အတူ ဒီမိုကရေစီအရေးအတွက် ဆက်လက်ရပ်တည်မည့် အကြောင်းထုတ်ပြန်ခဲ့ခြင်းကို ထောက်ရှုကြည့်ပါက အရှေ့တီမော၏ ဒီမိုကရေစီအရေး၊ ဒီမိုကရေစီယဉ်ကျေးမှုအတွက် ရပ်တည်ချက်သည် လက်တွေ့ကျသည်ဟု ဆိုရပါမည်။

အမေရိကန်၊ ယူကေ၊ ဩစတြေလျ၊ ဂျာမဏီ၊ ချက် စသော နိုင်ငံတကာအစိုးရများအတွက်လည်း အရှေ့တီမောကဲ့သို့ ရွေးချယ်စရာများ ကြုံတွေ့လာနိုင်ကြောင်း ရှုမြင်မိပါသည်။ အရှေ့တီမောဟု မြန်မာပြည်သူအများ သိမှတ်ထားကြသည့် တီမောလက်စ်တေနိုင်ငံသည် မြန်မာ့နွေဦးတော်လှန်ရေးအား အားပေးထောက်ခံလျက်ရှိသော နိုင်ငံတကာအစိုးရများအတွက် စံပြုဖွယ်ရာ ရပ်တည်ချက်ကို ပြသသွားပါသည်။ တီမောလက်စ်တေနိုင်ငံနှင့် အစိုးရအဖွဲ့သည် နွေဦးတော်လှန်ရေးနှင့်မြန်မာပြည်သူလူထုအတွက်ဒီမိုကရေစီမဟာမိတ်အဖြစ် သက်သေပြနေကြောင်း မှတ်တမ်းပြု တင်ပြအပ်ပါသည်။

# Weekly Highlight Quote




“ကျမရဲ့မိတ်ဆွေ CDM ဝန်ထမ်းတချို့ကတော့ အစိုးရအလုပ်ကထွက်ပြီး ပုဂ္ဂလိက အလုပ် ပြန်လျှောက်ကြတာရှိတယ်။ သူတို့သွားလျှောက်တဲ့အခါ CDM ဖြစ်နေလို့ဆိုပြီး လုပ်ငန်းရှင်တွေက အလုပ်မခန့်ချင်ကြဘူး။ ပြောတော့ စစ်အာဏာသိမ်းတာကိုလက်မခံဘူး ရှန်းမတက်နဲ့ ရှန်းထွက်ကြပါဆိုပြီး လှုံ့ဆော်ခဲ့ပြီးတော့၊ တကယ့်တကယ် CDM လုပ်ခဲ့ပြီး အပြင်မှာစားဝတ်နေရေးအတွက် အလုပ်ပြန်လျှောက်တော့ လက်မခံချင်ကြဘူး။ အဲ့လိုကြားတော့ ရင်ထဲမှာခံစားရတယ်၊ CDM လုပ်တာ ဂုဏ်ယူစရာ မဟုတ်ဘူးလားဆိုပြီး တွေးမိပြန်တယ်”


နိုင်ငံ့ဝန်ထမ်း CDM အမျိုးသမီးတစ်ဦး
ကျန်းမာရေးဝန်ကြီးဌာန

*(BNI-MPM ၏ ဝက်ဆိုက်ဒ်တွင်ဖော်ပြထားသော "ယုံကြည်ချက်အတိုင်း အဆုံးထိဆက်လျှောက်မည်ဆိုသည့် ကျန်းမာရေးဝန်ကြီးဌာနလက်အောက် CDM ဝန်ထမ်း အမျိုးသမီးတစ်ဦးနှင့် အမေးအဖြေ”မှ ကောက်နှုတ်ထားသည်။*


# အပိုင်း ၂

## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ

BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ဩဂုတ်လ ၂၃ ရက်မှ ၂၉ ရက် တစ်ပတ်တာအတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြဒေသအလိုက်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF) များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း(ERO)များအကြား တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၂၄ ရက် ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက ရှမ်းပြည်နယ်သည် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၆ ရက် အထိ ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှု အခြေအနေများကို ကောက်ယူ မှတ်တမ်း ပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မူ ယခုထက်ပိုမို များပြားနိုင်ပါသည်။




တစ်ပတ်အတွင်း မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှု **၂၄**




## စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု

၂၃ - ၂၉ ဩဂုတ် ၂၀၂၃


**၁၄၁** စစ်ကောင်စီတပ်သားသေဆုံးမှု

**၁၈** ပြည်သူ့ကာကွယ်ရေးတပ်သား သေဆုံးမှု


**၂၁** အရပ်သားသေဆုံးမှု




## ၇၁၀၀ စစ်ဘေးရှောင်အရေအတွက် (၂၃ - ၂၉ ဩဂုတ် ၂၀၂၃)




## မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၅ ရက်





# စစ်ကိုင်း

ယင်းမာပင်၊ မြင်းမူ၊ မြောင် နှင့် အင်းတော်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ဒေသအလိုက် PDF တို့ အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၈ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် စစ်ကောင်စီတပ် ပစ်ခတ်မှုကြောင့် ဝက်လက်မြို့နယ်မှ ဒေသခံပြည်သူ ၅ ဦး သေဆုံးခဲ့သည်။ စစ်ကောင်စီတပ်သည် လူနေအိမ်များကို မီးရှို့၍ စစ်ကြောင်းထိုးလာသောကြောင့် အင်းတော်နှင့် ကနီမြို့နယ်များမှ ဒေသခံ ပြည်သူ ၇၀၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။




မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၁ ရက်




# မကွေးတိုင်း

ဩဂုတ်လ ၂၇ ရက်နေ့က မြိုင်မြို့နယ်၊ ကိုင်းတောမရဲစခန်းအနီးမှာ စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၂ ဦး သေဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၁ ဦး သေဆုံးခဲ့သည်။ [1] ဩဂုတ်လ ၂၉ ရက်နေ့က ထီးလင်းမြို့နယ်တွင် စစ်ကောင်စီတပ်စစ်ကြောင်းကို မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ အရပ်သား ၁ ဦးနှင့် စစ်ကောင်စီတပ်ဖွဲ့ဝင် ၄ ဦး စုစုပေါင်း ၅ ဦး သေဆုံးခဲ့သည်။[2] ထို့အပြင် ရေစကြိုနှင့် မြိုင်မြို့နယ်များတွင်စစ်ကောင်စီတပ်တိုက်ခိုက်ခံရပြီးစစ်ကောင်စီ တပ်သား ၇ ဦး သေဆုံးခဲ့သည်။ ဩဂုတ်လ ၂၇ ရက်နေ့က ဂန့်ဂေါမြို့နယ်၊ ရှုံးရှီရွာအနီးမှာ စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် တိုက်ခိုက်မှုကြောင့် ဒေသခံ အမျိုးသား ၁ ဦး ထိမှန်သေဆုံးပြီး ၄ ဦး ဒဏ်ရာရရှိခဲ့သည်။ [3]





1 တိုက်ပွဲတွင်း ပြောင်းကွဲလို့ PDF တဦးကျဆုံး (ရုပ်/သံ) https://tinyurl.com/27almkhp

2 ထီးလင်းတွင် စစ်ကောင်စီစစ်ကြောင်း မိုင်းဆွဲခံရ၊ လမ်းပြအဖြစ် ဖမ်းဆီးခံရသည့် အရပ်သား နှင့် စစ်ကောင်စီတပ်ဖွဲ့ဝင် ၄ ဦး သေဆုံး https://tinyurl.com/2y92g82k


3 ဂန့်ဂေါအခြေစိုက် ခလရ ၅၀ က လက်နက်ကြီးနဲ့ပစ်လို့ ဒေသခံတဦးသေဆုံး https://tinyurl.com/2cv8os8b

မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၁ ရက်




# ကရင်ပြည်နယ်


ဩဂုတ်လ ၂၃ ရက်နေ့က ဖာပွန်မြို့နယ်ရှိ ဖာပွန်မြို့မရဲစခန်းအား KNU တပ်မဟာ (၅) ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်( KNLA)၊PDF ပူးပေါင်းတပ်ဖွဲ့များက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင် ၃ ဦး သေဆုံးခဲ့သည်။[4] ထို့အပြင် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူမြို့ရှိ စစ်ကောင်စီတပ်ဖွဲ့များအား သတင်းပေးဟု အမည်ကျော်ဇောနေသူ ကိုဝင်းထိန်ဆိုသူသည် အမည်မသိလက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ [5]




4 ဖာပွန်မြို့မရဲစခန်းကို တော်လှန်ရေးအင်အားစုများတိုက်ခိုက် ရဲ ၃ ဦးသေဆုံး https://tinyurl.com/27mokzr4


5 ဘုရားသုံးဆူမြို့တွင် စစ်ကောင်စီသတင်းပေးဟု အမည်ကျော်ဇောသူ BGF အဖွဲ့ဝင်ဟောင်းတစ်ဦး ပစ်ခတ်ရှင်းလင်းခံရ https://tinyurl.com/27gkz76g

မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၂ ရက်




# ပဲခူးတိုင်း


ထန်းတပင်နှင့် ကျောက်ကြီးမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်(KNLA)၊ ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၇ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဩဂုတ်လ ၂၅ ရက်နေ့က ဖြူးမြို့နယ်၊ အုတ်ဖြတ်ကျေးရွာတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များ ခိုအောင်းရာနေအိမ်ကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက ဒရုန်းဖြင့် ပုံးသီး ကြဲချတိုက်ခိုက်ရာ စစ်ကောင်စီတပ်မှ ဗိုလ် ၁ ဦး သေဆုံး၍ သုံးဦး ဒဏ်ရာရခဲ့သည်။ [6] စစ်ကောင်စီတပ် သတ်ဖြတ်မှုကြောင့် ကျောက်ကြီး၊ မင်းလှနှင့် ရွှေကျင်မြို့နယ်များမှ ဒေသခံပြည်သူ ၄ ဦး သေဆုံးခဲ့ သည်။ ဩဂုတ်လ ၂၆ ရက်နေ့က အုတ်ဖိုမြို့နယ် ၊ ကွေ့ချောင်းကျေးရွာရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီစည်းရုံးရေးမှူး ဦးမျိုးဇော်အောင်ဆိုသူအား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ပစ်ခတ် ရှင်းလင်းခဲ့သည်။ [7]




6 ကျောက်ကြီးနှင့်ဖြူးမှ စစ်ရေးပစ်မှတ်များတိုက်ခိုက်မှု စစ်တပ်ဘက်မှ ၄ ဦး သေ၊ ၃ဦးဒဏ်ရာရဟု MODထုတ်ပြန် https://tinyurl.com/2yp9c3jl


7 အုတ်ဖိုမြို့နယ်တွင် ကြံ့ခိုင်ရေးပါတီ စည်းရုံးရေးမှူး ပစ်ခတ်ခံရ၍ သေဆုံး https://tinyurl.com/25ah4lq7

## မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၆ ရက်





# ရှမ်း (သျှမ်း) ပြည်နယ်

ကွတ်ခိုင်၊ မူဆယ်နှင့် ရွာငံမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့်ကချင်လွတ်လပ်ရေးတပ်မတော်(KIA)၊ တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်(TNLA)၊ ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၂၆ ဦးသေဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၁ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဩဂုတ်လ ၂၆ ရက်နေ့က ရပ်စောက်မြို့နယ်၊ ကျောက်ဂူကျေးရွာရှိ စစ်ကောင်စီတပ်စခန်းအတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးစစ်ကောင်စီတပ်သား ၄ ဦးသေဆုံး၍ ၃ ဦး ဒဏ်ရာ ရရှိခဲ့သည်။ [8]





8 ရပ်စောက် စစ်ကောင်စီ တပ်စခန်းအတွင်း ပေါက်ကွဲမှုဖြစ် တပ်သား ၄ ဦးသေ ၃ ဦးဒဏ်ရာရ https://tinyurl.com/2b3m28tf

မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၂ ရက်





# ကရင်နီ (ကယား) ပြည်နယ်

ရှားတောနှင့် ဖရူဆိုမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ်(KNDF)၊ ကရင်နီ တပ်မတော်( KA ) ပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၁၅ ဦး သေဆုံးခဲ့သည်။




မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၁ရက်




## တနင်္သာရီတိုင်း


ဩဂုတ်လ ၂၄ ရက်နေ့က ကော့သောင်းခရိုင်၊ ခမောက်ကြီးမြို့နယ်၊ မလိဝမ်းကျေးရွာမှာ စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၅ ဦး သေဆုံးခဲ့သည်။ အဆိုပါ မလိဝမ်းကျေးရွာဘက်မှာ တိုက်ပွဲဖြစ်ပွားမှုကြောင့် ချောင်းဝ ကျေးရွာက ဒေသခံပြည်သူ ၁၀၀ ကျော်သည် ထိုင်းနယ်စပ်ဘက်ကို ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ [9] ဩဂုတ်လ ၂၃ ရက်နေ့က ပုလောမြို့နယ်၊ ပလမြို့ရှိ ဝေဠုဝန်ဘုန်းကြီးကျောင်း အနီးမှာ စစ်ကောင်စီ တပ်သားတွေရဲ့ ပစ်ခတ်မှုကြောင့် အမျိုးသားတယောက် သေဆုံးခဲ့ပြီး ကလေးနှစ်ယောက်လည်း ဖမ်းဆီးခံရသည်။ [10]




9 ကော့သောင်းတွင် တိုက်ပွဲဖြစ်ပြီး ဒေသခံများ ထိုင်းနိုင်ငံဘက် ထွက်ပြေးတိမ်းရှောင် https://tinyurl.com/249v2hbg


10 ပုလောမြို့နယ်တွင် စစ်တပ်က ဖခင်ကို ပစ်သတ်ပြီး ကလေး ၂ ဦးအား ဖမ်းဆီး https://tinyurl.com/2xne6ryj

**မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၁ ရက်**





## ချင်း

ဩဂုတ်လ ၂၈ ရက်နေ့က ထန်တလန်မြို့အတွင်းရှိ တပ်ကုန်းအပါအဝင် စစ်ကောင်စီတပ်များ တပ်စွဲထားသည့် နေရာလေးခုကို ချင်းဒေသကာကွယ်ရေးတပ်ဖွဲ့များက ဝင်ရောက်ပစ်ခတ် တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၃၀ ကျော် သေဆုံးပြီး ချင်းဒေသကာကွယ်ရေးပူးပေါင်း တပ်ဖွဲ့မှ ၁၅ ဦး ကျဆုံးခဲ့သည်။ [11]





11 ထန်တလန်တိုက်ပွဲတွင် စစ်ကောင်စီတပ်သား ၃၀ ကျော်သေဆုံးပြီး ချင်းပူးပေါင်းတပ်ဖွဲ့မှ ၁၅ ဦးကျဆုံး https://tinyurl.com/28bugsk9

မြို့နယ်အလိုက် တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၂ရက်




## ကချင်


ဝိုင်းမော်နှင့်ဗန်းမော်မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA)၊ ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ ထို့အပြင် ဩဂုတ်လ ၂၈ ရက်နေ့က ဖားကန့်ဘက်ကို စစ်ကြောင်းထိုး ဝင်ရောက်လာသည့် စစ်ကောင်စီစစ်ကြောင်းကို ကချင်လွတ်လပ်ရေးတပ်မတော် (KIA)တပ်ဖွဲ့တွေကနမ့်တိန်ကျေးရွာမှာ မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား ၆ ဦး သေဆုံးခဲ့သည်။ [12] မိုးကောင်းမြို့နယ်၊ နတ်ကြီးကုန်း၊ ပျော်လင့် ရပ်ကွက် ( Pyaw Len lawk) က စစ်ကောင်စီတပ် ဖမ်းဆီးခံရသည့် ဝဘော်တန်ဂွန်းမိသားစု ၃ ယောက်ထဲက ဖခင်ဖြစ်သူ ဝဘော်တန်ဂွန်းသည် စစ်ကြောရေးမှာ သေဆုံးသွားကြောင်း ဩဂုတ်လ ၂၇ ရက်နေ့က သိရသည်။ [13]




12 ဖားကန့်ဘက်ကိုတက်လာတဲ့ စစ်ကောင်စီ စစ်ကြောင်းမိုင်းဆွဲတိုက်ခိုက်ခံရ https://tinyurl.com/23yrgche


13 စစ်တပ်က ဖမ်းဆီးသွားတဲ့ ကချင်အမျိုးသား မိုးကောင်းဒေသခံတစ်ဦး စစ်ကြောရေးမှာသေဆုံ https://tinyurl.com/2ct5cqu8

မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၁ ရက်




## မန္တလေး

ဩဂုတ်လ ၂၇ ရက်နေ့က သာစည်မြို့နယ်၊ မျက်ခါးအင်းရွာအနီးတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ် တိုက်ပွဲဖြစ်ပွားခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်မှ ၁ ဦး သေဆုံးခဲ့သည်။ [14] ထို့အပြင် ဩဂုတ်လ ၂၆ ရက်နေ့က သပိတ်ကျင်းမြို့နယ်၊ တွင်းငယ်ရွာမှမိုးမိတ်မြို့သို့တက်သည့် လမ်းဘေးရှိ ရဲတပ် စစ်ဆေးရေးဂိတ်တစ်ခုကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့မှ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရဲ ၁ ဦးသေဆုံးခဲ့သည်။[15] ဩဂုတ်လ ၂၇ ရက်နေ့က မတ္တရာမြို့နယ်တွင် စစ်ကောင်စီလက်အောက်ခံ ကျေးရွာအုပ်ချုပ်ရေးမှူး ၂ ဦး နှင့် ကြံ့ခိုင်ရေးပါတီဝင် အမျိုးသား ၁ ဦး စုစုပေါင်း ၃ ဦးသည် အမည်မသိ လက်နက်ကိုင်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ [16]





14 သာစည်မှာ ပကဖနဲ့ PDF စခန်းတခု စီးနင်းခံရလို့ ရဲဘော် ၁ ဦးသေဆုံး၊ လက်နက်ခဲယမ်း ကျပ်သိန်း ၃၀၀ ကျော်ဖိုးဆုံးရှုံး https://tinyurl.com/286y7mpl

15 သပိတ်ကျင်းမြို့နယ်၌ စစ်ဆေးရေးဂိတ် တိုက်ခိုက်ခံရပြီး ရဲ ၁ ဦးသေဆုံး https://tinyurl.com/2cphrrzs


16 မတ္တရာတွင် ၁ ရက်အတွင်း သတ်ဖြတ်ခံထားရသည့် အလောင်း ၃ လောင်းတွေ့ရှိ https://tinyurl.com/29p3q7yj

မြို့နယ်အလိုက်
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း
၂ရက်




## မွန်

ရေးနှင့်ကျိုက်ထိုမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)၊ ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်သား ၇ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဩဂုတ်လ ၂၄ ရက်နေ့က ဘီးလင်းမြို့ ဒေါက်ရပ်တိုက်နယ်ဆေးရုံတွင် လာရောက်တပ်ချထားသည့် စစ်ကောင်စီတပ်ဖွဲ့များကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက ဝင်ရောက်တိုက်ခိုက်ရာ စစ်ကောင်စီတပ်သား ၄ ဦး သေဆုံးခဲ့သည်။ [17] အလားတူ ကျိုက်ထိုမြို့နယ်တွင် နယ်ခြားစောင့်တပ် - BGF တပ်ဖွဲ့ဝင် ဗိုလ်ဝင်းစိုးနှင့် ၎င်း၏မယားငယ်တို့ မောင်းနှင်လာသည့်ကားကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ပစ်ခတ်တိုက်ခိုက်ခဲ့ရာ နှစ်ဦးစလုံး သေဆုံးခဲ့သည်။ [18]





17 ဆေးရုံ၌ ကင်းချထားသည့် စစ်ကောင်စီတပ်ကို တော်လှန်ရေးအဖွဲ့ပစ်ခတ်သဖြင့် ၄ ဦးသေဆုံး၊ ၈ ဦး ဒဏ်ရာရ https://tinyurl.com/2yysy6ba
18 ကျိုက်ထိုတွင် နာမည်ဆိုးဖြင့် ကျော်ကြားသည့် BGF ဗိုလ်ဝင်းစိုးဆိုသူ ပစ်သတ်ခံရ https://tinyurl.com/234za5uk



# ရန်ကုန်

တိုက်ကြီးမြို့နယ် အိုင်ကလောင်ရဲဘက်စခန်းမှာ အကျဉ်းကျနေသည့် အကျဉ်းသားများကို ထောင်အာဏာပိုင်များက ရိုက်နှက်ညှင်းပမ်းပြီး အတင်း အဓမ္မခိုင်းစေသောကြောင့် လူ ၂ ဦး သေဆုံးခဲ့ကြောင်း ဩဂုတ်လ ၂၉ ရက် နေ့က သိရသည်။ [19]




19 အိုင်ကလောင်ရဲဘက်စခန်းမှာ ထောင်အာဏာပိုင်တွေ ရိုက်နှက်နှိပ်စက်လို့ အကျဉ်းသား ၂ ဦးသေဆုံ https://tinyurl.com/2b53y9ys




ထိုင်းနိုင်ငံအလယ်ပိုင်း၊ အန်ထောင်းမြို့နယ်ရှိ ထိုင်းရတ်ဝိထယား အမှတ် ၆ ကျောင်းတွင် ပညာသင်ကြားနေရာမှ အထောက်အထားမရှိဟုဆိုကာ ထိုင်းနိုင်ငံ ခရိုင်လဝကရဲတပ်ဖွဲ့မှဖမ်းဆီးပြီး မြန်မာနယ်စပ်သို့ပြန်ပို့ခံခဲ့ရသည့် နိုင်ငံမဲ့ကလေး၁၂၆ ဦးအား တရားဝင်လမ်းကြောင်းမှ ပြန်လည်ဝင်ရောက်လာပါက ပညာသင်ခွင့်ပြုမည်ဖြစ်ကြောင်း ထိုင်းအမျိုးသားရဲတပ်ဖွဲ့ ဒုရဲချုပ်ဆူရချေ့ဟတ်ဖန်းက ပြောကြားခဲ့ပါသည်။ အဆိုပါကလေးများသည် ဇူလိုင်လအတွင်းက ပြန်ပို့ခံရခြင်းဖြစ်ပြီး၊ ယင်းဖြစ်စဉ်နှင့် ပတ်သက်ပြီး ကမ္ဘာ့ကုလသမဂ္ဂ၏ ကလေးသူငယ်များဆိုင်ရာ အခွင့်အရေးအား ချိုးဖောက်ရာရောက်ကြောင်း ထိုင်းရှေ့နေများအဖွဲ့၊ လူ့အခွင့်အရေးအဖွဲ့များနှင့် လွှတ်တော်ကိုယ်စားလှယ်များက ထောက်ပြခဲ့ကြပါသည်။ [1]

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရိုဟင်ဂျာများ ဘေးကင်းစွာဆန္ဒအလျောက်နေရပ်ပြန်ရေး စတင်ရန် ပြင်ဆင်လျက်ရှိပြီး၊ နိုင်ငံရင်းဖြစ်သည့် မြန်မာနိုင်ငံသို့ ကနဦး လူဦးရေ ၁,၀၀၀ ခန့်အား လာမည့် ဒီဇင်ဘာလတွင် ပြန်ပို့နိုင်ရန် စီစဉ်နေကြောင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာအေကေအဗ္ဗဒူလ်မိုမန်-Dr. A.K.Abdul Momen က ဩဂုတ်လ ၂၇ ရက်က ပြောကြားခဲ့ပါသည်။ [2]

---

1 ပြန်ပို့ခံရသည့် မြန်မာကလေးငယ် ၁၂၆ ဦး တရားဝင်ပြန်လာပါက ပညာသင်ခွင့်ပြုမည်ဟု ထိုင်းဒုရဲချုပ်ပြော https://tinyurl.com/27feob9a

2 မြန်မာဆီ ရိုဟင်ဂျာများ ဆန္ဒအလျောက် နေရပ်ပြန်ရေး စတင်ရန် ဘင်္ဂလားဒေ့ရှ် ပြင်ဆင် https://tinyurl.com/24vnkoxk

“
တရုတ်နှင့် ရုရှားမပါဘဲ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ကျန်အဖွဲ့ဝင် ၁၃ နိုင်ငံသည် မြန်မာတွင် အရပ်သား ပြည်သူများ သတ်ဖြတ်ခံရမှုနှင့် "ရက်စက်သော အကြမ်းဖက်မှု" များအပေါ် ပြစ်တင်ဝေဖန်ကြောင်း
”

ရိုဟင်ဂျာတွေအပေါ် လူမျိုးတုံးသတ်ဖြတ် အကြမ်းဖက်မှု ကျူးလွန်ခဲ့သည့် မြန်မာစစ်တပ်ကို တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ကြိုးပမ်းသွားမည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီ ဘလင်ကန်က ဩဂုတ်လ ၂၅ ရက်က ပြောကြားခဲ့ပါသည်။ [3]

ဩဂုတ်လ ၂၃ ရက်က အမေရိကန်အနေဖြင့် မြန်မာစစ်ကောင်စီတပ်အား လေယာဉ်ဆီရရှိအောင် ကူညီပေးနေသော နိုင်ငံခြားကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များအား ဒဏ်ခတ်ပိတ်ဆို့မှုများ တိုးမြှင့်ချမှတ်ကြောင်း အမေရိကန် ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပါသည်။ စစ်တပ်အတွက် လေယာဉ်ဆီ ဝယ်ယူဖြန့်ဖြူးပေးရာတွင် ပါဝင်နေသော လူပုဂ္ဂိုလ်များအဖြစ် SHOON ENERGY ကုမ္ပဏီပိုင်ရှင် ခင်ဖြူဝင်းနှင့် Asia Sun ကုမ္ပဏီပိုင်ရှင် ဇော်မင်းထွန်းတို့အပါအဝင် ၎င်းတို့နှင့် ဆက်စပ်သည့် ကုမ္ပဏီသုံးခုဖြစ်သော PUMA ENERGY MYANMAR PTE. LTD၊ PEA PTE.LTD (PUMA ENERGY IRRAWADDY AVIATION PTE LTD) နှင့် SHOON ENERGY PTE. LTD (ASIA SUN AVIATION PTE. LTD ) တို့ ပါဝင်ခဲ့ပါသည်။ [4]

လန်ဒန်မြို့အခြေစိုက် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သော Burma Campaign UK အဖွဲ့သည် အိန္ဒိယကုမ္ပဏီခုနစ်ခုအား မြန်မာစစ်တပ်ကို ရန်ပုံငွေနှင့် လက်နက် ထောက်ပံ့ပြီး မြန်မာနိုင်ငံအတွင်းမှ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ဆက်စပ်နေသော နိုင်ငံတကာ ကုမ္ပဏီများ၏ 'နာမည်ပျက်စာရင်း'တွင် ထည့်သွင်းလိုက်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါကုမ္ပဏီများတွင် သတ္တုနှင့် စစ်လက်နက်၊ စစ်ပစ္စည်းများ ထုတ်လုပ်ရေး ကုမ္ပဏီများ၊ ဇီဝနည်းပညာဆော့ဖ်ဝဲ ကုမ္ပဏီများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ ထုတ်လုပ်သည့် ကုမ္ပဏီများနှင့် ပို့ကုန်ကုမ္ပဏီများပါဝင်ခဲ့ပါသည်။ [5]

တရုတ်နှင့် ရုရှားမပါဘဲ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ကျန်အဖွဲ့ဝင် ၁၃ နိုင်ငံသည် မြန်မာတွင် အရပ်သားပြည်သူများ သတ်ဖြတ်ခံရမှုနှင့် "ရက်စက်သော အကြမ်းဖက်မှု" များအပေါ် ပြစ်တင်ဝေဖန်ကြောင်း ဩဂုတ် ၂၃ ရက်က ပူးတွဲကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ပါသည်။ [6]

---

3 ရိုဟင်ဂျာ လူမျိုးတုံးသတ်ဖြတ်မှု မြန်မာစစ်တပ် တာဝန်ယူတာဝန်ခံရန် အမေရိကန်ပြော https://tinyurl.com/24thong9

4 စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် လေယာဉ်ဆီကဏ္ဍကို ပစ်မှတ်ထားပြီး အမေရိကန် ဒဏ်ခတ်ပိတ်ဆို့ https://tinyurl.com/23wvedys

5 မြန်မာစစ်တပ်ကို ထောက်ပံ့နေသည့် အိန္ဒိယကုမ္ပဏီ ၇ ခုအား နာမည်ပျက်စာရင်းသွင်း https://tinyurl.com/2b5q64x6

6 အရပ်သားပြည်သူများကို မြန်မာစစ်တပ်က သတ်ဖြတ်နေမှုအပေါ် ကုလ လုံခြုံရေးကောင်စီ အဖွဲ့ဝင် ၁၃ နိုင်ငံက ပြစ်တင်ရှုတ်ချ https://tinyurl.com/2xz9njba

မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI ၏
အဖွဲ့ဝင်သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသော ပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။

**Weekly News Review**